# IDEA
# အထူး
# ပညာရေးဆိုင်ရာ
# နိုင်ငံတော် ပညာရေး ဥပဒေ
# ချိုးဖောက်ကြောင်း
# စာဖြင့်ရေးသား၍
# တိုင်ကြားချက်များ

**(အသက် 3 နှစ်မှ 21 နှစ်အရွယ်) ကလေးငယ်များနှင့် လူငယ်များ၏ မိဘများအတွက် လမ်းညွှန်ချက်**

ဤစာအုပ်သည် IDEA (မသန်စွမ်းသူများဆိုင်ရာ ပညာရေး အက်ဥပဒေ) အငြင်းပွားမှု ဖြေရှင်းရေးနည်းလမ်းများ အကြောင်း စာအုပ်တွဲ၏ အစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။ ဤစာအုပ်တွဲထဲရှိ မိဘ လမ်းညွှန်ချက်များတွင် ပါဝင်သည်များမှာ-

**IDEA** အထူး ပညာရေးဆိုင်ရာ ကြားဝင် ညှိနှိုင်းခြင်း
**IDEA** အထူးပညာရေးဆိုင်ရာ နိုင်ငံတော် ဥပဒေများကို ချိုးဖောက်နေကြောင်း စာဖြင့်ရေးသား တိုင်ကြားချက်များ **IDEA** အထူးပညာရေးဆိုင်ရာ မျှတစွာ ဆက်ဆံခံရပိုင်ခွင့်နှင့် ပတ်သက်သည့် တိုင်ကြားချက်များ/ကြားနာစစ်ဆေးပေးရန် တောင်းဆိုချက်များ
**IDEA** အထူး ပညာရေးဆိုင်ရာ ဖြေရှင်းမှု အစည်းအဝေးများ

CADRE
Center for Appropriate Dispute Resolution in Special Education

IDEAs that Work
Office of Special Education Programs
U.S. Department of Education

*ဤစာအုပ်တွင် **IDEA** ၏ အပိုင်း ခ အတွက် နိုင်ငံတော်၏ ပညာရေးဥပဒေကို ချိုးဖောက်ကြောင်း စာဖြင့်ရေးသား တိုင်ကြားချက်ကို ယေဘုယျအားဖြင့် ဖော်ပြထားပါသည်။ ၎င်းသည် ဖက်ဒရယ် သို့မဟုတ် နိုင်ငံတော် ဥပဒေအရ လုပ်ထုံးလုပ်နည်းဆိုင်ရာ ကာကွယ်ရေး နည်းလမ်းများ သို့မဟုတ် သတ်မှတ်ချက်များကို အဓိပ္ပါယ် ပြန်ဆိုရန်၊ ပြင်ဆင်မွမ်းမံရန် သို့မဟုတ် အစားထိုးရန် ရည်ရွယ်ထားခြင်း မဟုတ်ပါ။*

## နိုင်ငံတော် ပညာရေး ဥပဒေချိုးဖောက်ကြောင်း စာဖြင့်ရေးသား၍ တိုင်ကြားချက်ဆိုတာ ဘာလဲ။

အစိုးရဌာနတစ်ခု (သင့်ကလေး၏ ကျောင်းကဲ့သို့) က မသန်စွမ်းသူများဆိုင်ရာ ပညာရေး အက်ဥပဒေ (**Individuals with Disabilities Education Act, IDEA**)၏ သတ်မှတ်ချက်များကို လိုက်နာခြင်းမရှိကြောင်း ဆက်သွယ်ပြောဆိုရန်နှင့် ထိုပြဿနာကို စုံစမ်းစစ်ဆေးမှုပြုလုပ်ဖို့ တောင်းဆိုရာတွင် စာဖြင့်ရေးသား တိုင်ကြားချက်ကို အသုံးပြုသည်။ တိုင်ကြားချက်များသည် ကလေးတစ်ယောက် သို့မဟုတ် ကျောင်းသားတစ်ယောက်၊ သို့မဟုတ် ကျောင်းသားအုပ်စုတစ်ခုနှင့် သက်ဆိုင်နိုင်သည်။ အခြားပြည်နယ်မှ တစ်စုံတစ်ယောက်အပါအဝင် မည်သည့် လူပုဂ္ဂိုလ် သို့မဟုတ် မည်သည့် အဖွဲ့အစည်းမဆိုသည် နိုင်ငံတော်၏ ပညာရေးဥပဒေ ချိုးဖောက်ကြောင်း စာဖြင့်ရေးသားထားသော တိုင်ကြားချက်ကို တင်သွင်းနိုင်သည်။

- နိုင်ငံတော်၏ ပညာရေးဥပဒေ ချိုးဖောက်ကြောင်း စာဖြင့်ရေးသား၍ တိုင်ကြားချက်များကို များသောအားဖြင့် ပြည်နယ် ပညာရေးအေဂျင်စီ (**state educational agency, SEA**) သို့ ပေးပို့ပါသည်။ တစ်ချိန်တည်းမှာပင် တိုင်ကြားချက်နှင့်အတူ မိတ္တူတစ်စောင်ကို အစိုးရဌာနသို့ ပေးပို့ရမည်။
- မိဘတစ်ဦးအနေဖြင့် နိုင်ငံတော် ပညာရေးဥပဒေ ချိုးဖောက်ကြောင်း စာဖြင့်ရေးသားထားသော တိုင်ကြားချက်ကို တင်သွင်းနိုင်သည့် အချိန်နှင့် ပတ်သက်၍ ဥပမာအချို့တွင် အောက်ပါတို့ ပါဝင်သည်-
  - ♦ သင်သည် အထူးပညာရေးနှင့် သက်ဆိုင်သော ဝန်ဆောင်မှုများအတွက် သင့်ကလေး၏ အရည်အချင်းပြည့်မီမှုနှင့် ပတ်သက်ပြီး ဆုံးဖြတ်ချက်ကို သဘောမတူသည့်အခါ။
  - ♦ ကျောင်းက သင့်ကလေး၏ တစ်ဦးချင်းအလိုက် ပညာရေး အစီအစဉ် (**individualized education program, IEP**) တွင် ပါဝင်သော ဝန်ဆောင်မှုများကို ပံ့ပိုးပေးခြင်း မရှိဟု သင်ယုံကြည်သည့်အခါ။
- **SEA** သည် စုံစမ်းစစ်ဆေးမှု စီမံဆောင်ရွက်ခြင်းနှင့် တိုင်ကြားချက်နှင့် ပတ်သက်၍ ဆုံးဖြတ်ချက် ချမှတ်ခြင်းအတွက် တာဝန်ရှိပါသည်။ နိုင်ငံတော် ပညာရေးဥပဒေ ချိုးဖောက်ကြောင်း စာသားဖြင့်ရေးသား၍ တိုင်ကြားချက်အချို့ကို စုံစမ်းစစ်ဆေးမှု ပြုလုပ်ရန်မလိုဘဲ ပြေလည်အောင် ဖြေရှင်းနိုင်သည်။

**IDEA** အငြင်းပွားမှု ဖြေရှင်းရေး လုပ်ဆောင်ချက်များဖြင့် ဆက်စပ်နေသည့် ပြည်နယ်စည်းမျဉ်းများသည် များစွာကွဲပြားမှုရှိပါသည်။

နောက်ထပ် အချက်အလက်အတွက် ၎င်းတို့၏ ပြည်နယ်ပညာရေး အေဂျင်စီ သို့မဟုတ် မိဘစင်တာထံ ဆက်သွယ်ရန် မိဘများနှင့် မိသားစုဝင်များကို တိုက်တွန်းပါသည်။

နိုင်ငံတော် ပညာရေးဥပဒေ ချိုးဖောက်ကြောင်းစာဖြင့်ရေးသား၍ တိုင်ကြားချက်များတွင် အောက်ပါတို့ အပါအဝင် ပြည့်စုံစွာ ဖြည့်စွက်ရမည်ဖြစ်သည့် တိကျသော အသေးစိတ်အချက်များ ပါဝင်ရမည်-

- အစိုးရဌာနက IDEA ၏ သတ်မှတ်ချက်တစ်ခုကို လိုက်နာခြင်းမရှိကြောင်း ဖော်ပြချက်၊
- ဖော်ပြချက်ကို ပံ့ပိုးပေးသည့် အကြောင်းအချက်များနှင့်
- တိုင်ကြားချက်ကို တင်သွင်းသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း အတွက် လက်မှတ်နှင့် ဆက်သွယ်ရန် အချက်အလက်များ။

တိုင်ကြားချက်များသည် တိကျသော ကလေးတစ်ဦးနှင့် ပတ်သက်နေလျှင် ၎င်းအချက်အလက်တွင် အောက်ပါတို့လည်း ပါဝင်ရမည်-

- ကလေး၏ အမည်နှင့် လိပ်စာ သို့မဟုတ် အိမ်ခြေမဲ့ ကလေးအတွက် ဆက်သွယ်ရန် အချက်အလက်များ၊
- ကလေးတက်ရောက်သည့် ကျောင်း၏အမည်၊
- ပြဿနာနှင့် ဆက်စပ်နေသော အကြောင်းအချက်များ အပါအဝင် ပြဿနာအကြောင်း အသေးစိတ်ဖော်ပြချက်နှင့်
- ပြဿနာ ဖြေရှင်းရန် နည်းလမ်းနှင့် ပတ်သက်၍ အကြံပြုချက်များ။

လိုအပ်သည့် အကြောင်းအရာများ မပါရှိဘဲ လက်ခံရရှိသည့် တိုင်ကြားချက်တစ်စောင်ကို ပယ်ချမည် သို့မဟုတ် ပြန်ပေးမည်ဖြစ်သည့်အတွက် ယင်းက ပြဿနာများကို ဖြေရှင်းရာတွင် နှောင့်နှေးစေနိုင်ပါသည်။

## နိုင်ငံတော် ပညာရေးဥပဒေ ချိုးဖောက်ကြောင်း စာဖြင့်ရေးသား၍ တိုင်ကြားချက်ကို ကျွန်ုပ်တင်သွင်းပြီးနောက် ဘာတွေ ဖြစ်လာမလဲ။

နိုင်ငံတော် ပညာရေးဥပဒေ ချိုးဖောက်ကြောင်း စာဖြင့်ရေးသား၍ တိုင်ကြားချက်ကို သင် တင်သွင်းပြီးနောက် ဖြစ်ပေါ်လာမည့် အရာများနှင့် စပ်လျဉ်း၍ နိုင်ငံတစ်ဝန်းတွင် ကွဲပြားခြားနားမှု များစွာရှိပါသည်။ ယေဘုယျအားဖြင့်-

- **SEA** က တိုင်ကြားချက် ဖြေရှင်းရေး လုပ်ငန်းစဉ်နှင့် ကြားဝင် ညှိနှိုင်းခြင်းကဲ့သို့ သင့်စိုးရိမ်ပူပန်မှုများကို ဖြေရှင်းပေးခြင်းအတွက် အခြား ရွေးချယ်စရာ နည်းလမ်းများအကြောင်း အချက်အလက်များပါသည့် စာတစ်စောင်ကို သင်နှင့် ကျောင်းထံသို့ ပေးပို့ပါမည်။
- တိုင်ကြားချက်ကို ကိုင်တွယ်ဆောင်ရွက်ရန် **SEA** က ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အဖွဲ့တစ်ဖွဲ့ကို တာဝန်ပေးပါသည်။

- စုံစမ်းစစ်ဆေးမှု ပြုလုပ်ရာတွင် ကျောင်း သို့မဟုတ် အခြားနေရာများသို့ သွားရောက်လေ့လာခြင်း၊ စာရွက်စာတမ်းများကို လေ့လာသုံးသပ်ခြင်းနှင့် တိုင်ကြားချက်နှင့် သက်ဆိုင်သော အချက်အလက်များ ရှိသူများကို မေးမြန်းမှုများပြုလုပ်ခြင်းတို့ ပါဝင်နိုင်သည်။
- အချိန်ကာလကို တပ်တိုးခြင်းမရှိပါက **SEA** သည် နိုင်ငံတော်၏ ပညာရေးဥပဒေ ချိုးဖောက်ကြောင်း စာဖြင့်ရေးသား၍ တိုင်ကြားချက်ကို လက်ခံရရှိသည့်နေ့မှ ပြက္ခဒိန်ရက် **60** ရက်ထက် နောက်မကျစေဘဲ စာဖြင့်ရေးသားထားသော ဆုံးဖြတ်ချက်ကို ချမှတ်ပါသည်။

## နိုင်ငံတော်၏ ပညာရေးဥပဒေ ချိုးဖောက်ကြောင်း စာဖြင့်ရေးသား၍ တိုင်ကြားချက်အတွက် ဆုံးဖြတ်ချက်တွင် ဘာတွေ ပါဝင်သလဲ။

**SEA** သည် တိုင်ကြားချက်တွင် ဖော်ပြထားသည့် ပြဿနာတစ်ခုချင်းစီကို ဖြေရှင်းပေးသည့် စာဖြင့်ရေးသားထားသော ဆုံးဖြတ်ချက်ကို ပံ့ပိုးပေးရမည်။ ၎င်းတွင် အကြောင်းအချက်များနှင့် သုံးသပ်ချက်များ ပါဝင်ပြီး အဆုံးသတ် ဆုံးဖြတ်ချက်အတွက် အကြောင်းရင်းများကို ဖော်ပြထားသည်။ ဆုံးဖြတ်ချက်တွင် တိုင်ကြားချက်၌ ပါဝင်သော ကလေးငယ် သို့မဟုတ် ကလေးအုပ်စု၏ လိုအပ်ချက်များကို ကိုင်တွယ်ဖြေရှင်းပေးရန် သတ်မှတ်ထားသည့် လုပ်ဆောင်ချက်များကိုလည်း ထည့်သွင်းဖော်ပြရမည်။

## နိုင်ငံတော်၏ ပညာရေးဥပဒေ ချိုးဖောက်ကြောင်း စာဖြင့်ရေးသား၍ တိုင်ကြားချက်အကြောင်း မေးလေ့ရှိသော မေးခွန်းများ

*ကျွန်ုပ် အသုံးပြုရမည့် အထူးပုံစံတစ်ခု ရှိပါသလား။*

မရှိပါ။ သင်၏ **SEA** က နိုင်ငံတော်၏ ပညာရေးဥပဒေ ချိုးဖောက်ကြောင်း စာဖြင့်ရေးသား၍ တိုင်ကြားချက် ပုံစံကို ရရှိနိုင်အောင် ပြုလုပ်ပေးရမည်ဖြစ်သော်လည်း သင်က ၎င်းကို အသုံးမပြုရပါ။ ထိုပုံစံထဲရှိ တောင်းဆိုထားသည့် အချက်အလက်များကို ကြည့်ခြင်းဖြင့် တိုင်ကြားချက် မရေးသားမီ သင့်စိတ်ကူးများကို စုစုစည်းစည်း စီစဉ်နိုင်အောင် ကူညီပေးနိုင်ပါသည်။

*နိုင်ငံတော်၏ ပညာရေး ဥပဒေ ချိုးဖောက်ကြောင်း စာဖြင့်ရေးသား၍ တိုင်ကြားချက်ကို တင်သွင်းခြင်းနှင့် ပတ်သက်၍ ကျွန်ုပ် သိရန်လိုအပ်သော အခြားအရာများ ရှိသေးသလား။*

သင့်ပြည်နယ်က ပိုမိုရှည်ကြာသည့် အချိန်ကာလကို သတ်မှတ်မထားပါက သင်၏ စာဖြင့်ရေးသား၍ တိုင်ကြားချက်ရှိ ကိစ္စရပ်များသည် တိုင်ကြားချက်မပြုလုပ်မီ လွန်ခဲ့သော တစ်နှစ်ကျော်က ဖြစ်ပွားခဲ့ခြင်း မဖြစ်ရပါ။ အများအားဖြင့် အစိုးရ ဌာနတစ်ခုသည် **IDEA** ၏ သတ်မှတ်ချက်များကို လိုက်နာခြင်း မရှိကြောင်း သင်၏အဆိုကို ပံ့ပိုးပေးသော သက်သေအထောက်အထားများ၏ အချက်အလက်များနှင့် မိတ္တူများ (**IEP** များ၊ စာများ၊ မှတ်စုများနှင့် အစီရင်ခံစာများကဲ့သို့) ကို ထည့်သွင်းပါက အကူအညီဖြစ်စေပါသည်။

*ကျွန်ုပ်က နိုင်ငံတော်၏ ပညာရေး ဥပဒေ ချိုးဖောက်ကြောင်း စာဖြင့်ရေးသား၍ တိုင်ကြားချက်တစ်စောင် တင်သွင်းချိန်တွင် ကြားဝင်ညှိနှိုင်းမှုကို ရရှိနိုင်ပါသလား။*

ရှိပါသည်။ စာဖြင့်ရေးသား၍ တိုင်ကြားချက်တွင် ဖော်ပြထားသည့် ပြဿနာများကို ဖြေရှင်းရန် ရွေးချယ်စရာတစ်ခုအဖြစ် ကြားဝင်ညှိနှိုင်းခြင်းကို ရရှိနိုင်ပြီး တိကျသော ကျောင်းသားတစ်ဦးနှင့် ပတ်သက်သည့် ပြဿနာများကို ပိုမိုမြန်ဆန်စွာ၊ ပို၍တိုက်ရိုက်ဖြစ်သော နည်းလမ်းဖြင့် ဖြေရှင်းပေးနိုင်ပါသည်။

*ကျွန်ုပ်၏ တိုင်ကြားချက်ကို ပြေလည်အောင် ဖြေရှင်းပေးရန် သို့မဟုတ် ဆုံးဖြတ်ချက်တစ်ခု ရရှိရန် မည်မျှကြာသနည်း။*

ရက် 60 အချိန်ကန့်သတ်ချက်အတွင်း သင်၏ စာဖြင့်ရေးသား၍ တိုင်ကြားချက်ကို ဖြေရှင်းပေးရပါမည်။ ကြားဝင်ညှိနှိုင်းမှုတွင် သင် ပါဝင်နိုင်ရန် သို့မဟုတ် ခြွင်းချက်ဖြစ်သော အခြေအနေများကို အခြေခံ၍ SEA အချိန်ကာလကို ထပ်တိုးနိုင်ရန် သင်နှင့် အစိုးရဌာနသည် စာဖြင့်ရေးသား၍ တိုင်ကြားချက် ဖြေရှင်းရန် အချိန်ကာလကို ထပ်တိုးရန် သဘောတူနိုင်ပါသည်။

*နိုင်ငံတော်၏ ပညာရေး ဥပဒေ ချိုးဖောက်ကြောင်း စာဖြင့်ရေးသား၍ တိုင်ကြားချက်တစ်စောင်ကို တင်သွင်းပြီးနောက်တွင် ကျွန်ုပ်က ထပ်ဆောင်းအချက်အလက်များကို ပံ့ပိုးပေးချင်ပါက ဘယ်လိုလုပ်ရမလဲ။*

သင့်တိုင်ကြားချက်နှင့် ဆက်စပ်သော ထပ်ဆောင်းအချက်အလက်များကို နှုတ်ဖြင့်ဖြစ်စေ စာဖြင့်ရေးသား၍ဖြစ်စေ ပံ့ပိုးပေးရန် သင့်ကို အခွင့်အရေး ပေးသင့်ပါသည်။ သင့်တိုင်ကြားချက်တွင် ဖော်ပြထားသော ပြဿနာများကို ဖြေရှင်းရာတွင် လိုအပ်သည့် အချက်အလက်များကို စုဆောင်းရယူရန် သင်အပါအဝင် သက်ဆိုင်သည့်လူများကို တစ်စုံတစ်ဦးက ဆက်သွယ်ခြင်းသည် လုပ်ရိုးလုပ်စဉ်မဟုတ်ပါ။

*မျှတစွာ ဆက်ဆံခံရပိုင်ခွင့်ဆိုင်ရာ ကြားနာမှုတွင် ယခင်ဆုံးဖြတ်ခဲ့ပြီးသော ကိစ္စရပ်တစ်ခုအပေါ် စာဖြင့်ရေးသား၍ တိုင်ကြားချက်တစ်စောင် တင်သွင်းနိုင်ပါသလား။*

ရှိပါသည်။ သို့သော် ထိုသို့သော ကိစ္စရပ်အပေါ် မျှတစွာ ဆက်ဆံခံရပိုင်ခွင့်ဆိုင်ရာ ကြားနာမှု အရာရှိတစ်ဦးသည် ဆုံးဖြတ်ချက် ချမှတ်ပြီးဖြစ်ပြီး တူညီသော အကြောင်းအချက်များနှင့် အဖွဲ့များ ပါဝင်နေလျှင် ထိုဆုံးဖြတ်ချက်ကို အယူခံဝင်ခြင်း မရှိပါက ကြားနာမှုအရာရှိ၏ ဆုံးဖြတ်ချက်က နောက်ဆုံး ဆုံးဖြတ်ချက်ဖြစ်ကြောင်း သတိပြုပါ။

*ကျွန်ုပ်၏ တိုင်ကြားချက်ကို ရုပ်သိမ်းလိုပါက ဘာလုပ်ရမလဲ။*

SEA က ၎င်း၏ စာဖြင့်ရေးသားထားသော ဆုံးဖြတ်ချက်ကို မထုတ်ပြန်မီ မည်သည့်အချိန်တွင်မဆို သင်၏ စာဖြင့်ရေးသားထားသော တိုင်ကြားချက်ကို ရုပ်သိမ်းနိုင်ပါသည်။

*ဆုံးဖြတ်ချက်ကို ထုတ်ပြန်ပြီးသွားပါက ဘာဖြစ်မှာလဲ။*

SEA က အစိုးရအေဂျင်စီတစ်ခုသည် IDEA ကို လိုက်နာခြင်းမရှိကြောင်း တွေ့ရှိပါက အဆိုပါအေဂျင်စီအား အရေးယူဆောင်ရွက်ရန် လိုအပ်နိုင်သည်။ SEA အနေဖြင့် လုပ်ဆောင်ချက်များသည် ဖော်ပြထားသော ပြဿနာများကို ဖြေရှင်းရန် လုပ်ဆောင်ခြင်းဖြစ်ကြောင်း သေချာအောင် လုပ်ဆောင်ရမည်။ ထိုသို့ဖြစ်ပေါ်ခြင်းမရှိဟု ယုံကြည်ပါက မိဘများသည် SEA သို့ ဆက်သွယ်နိုင်ပါသည်။

*SEA ၏ ဆုံးဖြတ်ချက်ကို ကျွန်ုပ် အယူခံ ဝင်နိုင်ပါသလား။*

IDEA အရ ပြည်နယ်များသည် နိုင်ငံတော် ပညာရေး ဥပဒေချိုးဖောက်ကြောင်း စာဖြင့်ရေးသား၍ တိုင်ကြားချက်များအတွက် ဆုံးဖြတ်ချက်များကို အယူခံဝင်ရန် လုပ်ငန်းစဉ်တစ်ခုကို ပံ့ပိုးပေးရန် မလိုအပ်သော်လည်း ရရှိနိုင်သော အယူခံဝင်သည့် ရွေးချယ်စရာ နည်းလမ်းများကို သိရှိရန် သင်၏ SEA ထံ စုံစမ်းပါ။

*နိုင်ငံတော်၏ ပညာရေး ဥပဒေ ချိုးဖောက်ကြောင်း တိုင်ကြားချက်တစ်စောင် တင်သွင်းရန် ရှေ့နေ သို့မဟုတ် အကျိုးဆောင် ကိုယ်စားလှယ်တစ်ဦး ငှားရမ်းရန် လိုအပ်ပါသလား။*

မလိုပါ၊ နိုင်ငံတော်၏ ပညာရေး ဥပဒေ ချိုးဖောက်ကြောင်း တိုင်ကြားချက်တစ်စောင် တင်သွင်းရန် ရှေ့နေ သို့မဟုတ် အကျိုးဆောင် ကိုယ်စားလှယ်တစ်ဦး ငှားရမ်းရန် မလိုပါ။ တိုင်ကြားချက် မတင်သွင်းမီ

မိဘစင်တာရှိ ဝန်ထမ်းအဖွဲ့ဝင်တစ်ဦးကဲ့သို့ လုပ်ငန်းစဉ်အကြောင်း သိရှိသော တစ်စုံတစ်ဦးနှင့် စကားပြောဆိုခြင်းက အကူအညီဖြစ်နိုင်ပါသည်။

*ကျွန်ုပ်သည် နိုင်ငံတော်၏ ပညာရေး ဥပဒေ ချိုးဖောက်ကြောင်း စာဖြင့်ရေးသား၍ တိုင်ကြားချက် တင်သွင်းခြင်းနှင့် မျှတစွာ ဆက်ဆံခံရပိုင်ခွင့်ဆိုင်ရာ ကြားနာမှု တောင်းဆိုခြင်းတို့ကို တစ်ချိန်တည်းတွင် လုပ်ဆောင်ပါက ဘာဖြစ်မလဲ။*

ယင်းသည် အကြောင်းကိစ္စတစ်ခုချင်းစီရှိ ပြဿနာများအပေါ်တွင် မူတည်ပါသည်။ နှစ်ခုစလုံးတွင် ပြဿနာများ တူညီနေပါက ကြားနာစစ်ဆေးရေး အရာရှိက မျှတစွာ ဆက်ဆံခံရပိုင်ခွင့်ဆိုင်ရာ ကြားနာမှုအတွက် ဆုံးဖြတ်ချက် ချမှတ်ပေးသည့်အချိန်အထိ စာဖြင့်ရေးသား၍ တိုင်ကြားချက်အတွက် ဖြေရှင်းပေးသည့် လုပ်ငန်းစဉ်ကို ရွှေ့ဆိုင်းထားပါမည်။

မျှတစွာ ဆက်ဆံခံရပိုင်ခွင့်ဆိုင်ရာ ကြားနာစစ်ဆေးရေး အရာရှိက ဆုံးဖြတ်ချက်တွင် ပြဿနာကို ထည့်သွင်းဖော်ပြထားပါက **SEA** သည် အဆိုပါ ပြဿနာအတွက် သီးခြားဆုံးဖြတ်ချက်တစ်ခု ချမှတ်မည်မဟုတ်ပါ။ မျှတစွာ ဆက်ဆံခံရပိုင်ခွင့်ဆိုင်ရာ ကြားနာစစ်ဆေးရေး အရာရှိသည် ပြဿနာရပ်အတွက် ဆုံးဖြတ်ချက် မချမှတ်ပါက **SEA** သည် နိုင်ငံတော်၏ ပညာရေး ဥပဒေ ချိုးဖောက်ကြောင်း စာဖြင့်ရေးသား၍ တိုင်ကြားချက်အတွက် ဖြေရှင်းရေး လုပ်ငန်းစဉ်ကို စတင်ရပါမည် သို့မဟုတ် ဆက်လက်လုပ်ဆောင်ရပါမည်။

**SEA** က အချိန်ကာလကို ထပ်တိုးခြင်းမရှိပါက မျှတစွာ ဆက်ဆံခံရပိုင်ခွင့်ဆိုင်ရာ ကြားနာစစ်ဆေးရေး ပြုလုပ်ပေးရန် တောင်းဆိုချက်တွင် မပါဝင်သော စာဖြင့်ရေးသား၍ တိုင်ကြားချက်ရှိ ပြဿနာတစ်ခုခုကို အချိန်ကန့်သတ်ချက် ရက်ပေါင်း **60** အတွင်း ပြေလည်အောင် ဖြေရှင်းပေးရမည်။

## နိုင်ငံတော်၏ ပညာရေး ဥပဒေ ချိုးဖောက်ကြောင်း စာဖြင့်ရေးသား၍ တိုင်ကြားချက်များနှင့် ပတ်သက်၍ ထည့်သွင်းစဉ်းစားရမည့် အချက်များ

- ယင်းသည် တိုင်ကြားချက်နှင့် ပတ်သက်သော ကလေး သို့မဟုတ် ကျောင်းသားများနှင့် မသက်ဆိုင်သူများအပါအဝင် လူတိုင်း သို့မဟုတ် အဖွဲ့အစည်းတိုင်းအတွက် ရရှိနိုင်သော **IDEA** အငြင်းပွားမှု ဖြေရှင်းရေး နည်းလမ်းသာဖြစ်ပါသည်။
- နိုင်ငံတော်၏ ပညာရေး ဥပဒေ ချိုးဖောက်ကြောင်း စာဖြင့်ရေးသား၍ တိုင်ကြားချက် ရလဒ်သည် နောက်ဆုံး ဆုံးဖြတ်ချက်ဖြစ်ပြီး ၎င်းတွင် တိုင်ကြားချက်၌ ပါဝင်သော ကလေး သို့မဟုတ် ကလေးအုပ်စု၏ လိုအပ်ချက်များကို ကိုင်တွယ်ဖြေရှင်းရန် လိုအပ်သော ဆောင်ရွက်ချက်များ ပါဝင်ရမည်။

**IDEA အောက်တွင် ရရှိနိုင်သော အထူးပညာရေး အငြင်းပွားမှုများကို ဖြေရှင်းခြင်းနှင့် အငြင်းပွားမှု ဖြေရှင်းရန် ရွေးချယ်စရာ နည်းလမ်းများနှင့် ပတ်သက်သော နောက်ထပ် အချက်အလက်များအတွက် CADRE ဝဘ်ဆိုက်သို့ သွားပါ-**
**cadreworks.org**

## အရေးကြီး အချက်အလက်များ၏ ရင်းမြစ်များ

နိုင်ငံအတွင်း မိဘစင်တာအားလုံး၏ လက်ရှိစာရင်းကို မိဘ အချက်အလက်နှင့် ရင်းမြစ်များဆိုင်ရာ စင်တာ (Center for Parent Information and Resources, CPIR): parentcenterhub.org/find-your-center မှတစ်ဆင့် ရရှိနိုင်သည် သို့မဟုတ် (973) 642-8100 ထံ ဖုန်းခေါ်ဆိုပါ

အထူးပညာရေးအတွက် သင့်လျော်သော နည်းလမ်းဖြင့် အငြင်းပွားမှု ဖြေရှင်းပေးရေး စင်တာ (Center for Appropriate Dispute Resolution in Special Education, CADRE) သည် အငြင်းပွားမှု ဖြေရှင်းခြင်းဆိုင်ရာ အမျိုးသား နည်းပညာ အကူအညီစင်တာဖြစ်သည်- cadreworks.org သို့မဟုတ် (541) 686-5060 သို့ ဖုန်းခေါ်ဆိုပါ

မသန်စွမ်းသူများ၏ ပညာရေးအက်ဥပဒေနှင့်ပတ်သက်သော အချက်အလက်များ (IDEA) ကို အွန်လိုင်း- https://sites.ed.gov/idea/ တွင် ရရှိနိုင်သည်

## မှတ်စုများ

## သင့်ဒေသရှိ မိဘစင်တာကို ရှာဖွေရန် ဆက်သွယ်ရမည့် လိပ်စာမှာ-

### ဒေသ 1 မိဘ TA စင်တာ

NJ Statewide Parent Advocacy Network
35 Halsey St., 4th Floor
Newark, NJ 07102
ဖုန်း- (973) 642-8100 ဖက်စ်- (973) 642-8080
ဝဘ်ဆိုက်- spanadvocacy.org

### ဒေသ 2 မိဘ TA စင်တာ

Exceptional Children's Assistance Center
907 Barra Row, Suites 102/103
Davidson, NC 28036
ဖုန်း- (704) 892-1321 ဖက်စ်- (704) 892-5028
ဝဘ်ဆိုက်- ecac-parentcenter.org

### ဒေသ 3 မိဘ TA စင်တာ

Parent to Parent of Georgia
3070 Presidential Pkwy, Suite 130
Atlanta, GA 30340
ဖုန်း- (800) 229-2038 ဖက်စ်- (770) 458-4091
ဝဘ်ဆိုက်- p2pga.org

### ဒေသ 4 မိဘ TA စင်တာ

WI FACETS
600 W. Virginia St., Ste. 501
Milwaukee, WI 53204
ဖုန်း- (877) 374-0511 ဖက်စ်- (414) 374-4655
ဝဘ်ဆိုက်- wifacets.org

### ဒေသ 5 မိဘ TA စင်တာ

PEAK Parent Center
611 N. Weber, Suite 200
Colorado Springs, CO 80903
ဖုန်း- (800) 284-0251 ဖက်စ်- (719) 931-9452
ဝဘ်ဆိုက်- region5ptac.org

### ဒေသ 6 မိဘ TA စင်တာ

Matrix Parent Network & Resource Center
94 Galli Drive, Suite C
Novato, CA 94949
ဖုန်း- (415) 884-3535 ဖက်စ်- (415) 884-3555
ဝဘ်ဆိုက်- matrixparents.org

### မိဘ အချက်အလက်နှင့် ရင်းမြစ်များအတွက် စင်တာ (CPIR)

35 Halsey St., 4th Floor
Newark, NJ 07102
ဖုန်း- (973) 642-8100 ဖက်စ်- (973) 642-8080
ဝဘ်ဆိုက်- parentcenterhub.org

## သင်၏ ဒေသတွင်း မိဘစင်တာ-

**CADRE** က အမေရိကန် ပြည်ထောင်စု ပညာရေးဌာန၊ အထူးပညာရေး အစီအစဉ်များဆိုင်ရာ ရုံး၊ ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်အမှတ် **H326D080001** အောက်တွင် ဤစာရွက်စာတမ်းကို ထုတ်ဝေထားပါသည်။ စီမံကိန်း အရာရှိအဖြစ် **Tina Diamond, Ph.D.,** က တာဝန်ယူဆောင်ရွက်ပါသည်။ ဤနေရာတွင် ဖော်ပြထားသော ရှုထောင့်အမြင်များသည် ပညာရေးဌာန၏ ရပ်တည်ချက်များ သို့မဟုတ် မူဝါဒများကို အတိအကျ ကိုယ်စားပြုခြင်း မရှိပါ။ ဤစာအုပ်ထဲတွင် ဖော်ပြထားသော မည်သည့် ထုတ်ကုန်၊ အသုံးအဆောင်၊ ဝန်ဆောင်မှု သို့မဟုတ် လုပ်ငန်းတစ်ခုခုကိုမျှ အမေရိကန် ပြည်ထောင်စု ပညာရေးဌာနက တရားဝင် ထောက်ခံချက်ပေးရန် ရည်ရွယ်ခြင်းမရှိပါ သို့မဟုတ် ယင်းသို့ကောက်ချက်မချသင့်ပါ။ ဤထုတ်ကုန်သည် အများနှင့်သက်ဆိုင်သော အရာဖြစ်ပါသည်။ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ တစ်အုပ်လုံးကိုဖြစ်စေ ပြန်လည် ထုတ်ဝေခွင့် ပြုသည်။ ဤစာအုပ်ကို ပြန်လည်ပုံနှိပ်ထုတ်ဝေရန်အတွက် ခွင့်ပြုချက် မလိုအပ်သော်လည်း အောက်ပါအတိုင်း ကိုးကားချက် ထည့်ပေးသင့်ပါသည်- **CADRE (2014)။ IDEA** အထူးပညာရေးဆိုင်ရာ စာဖြင့်ရေးသား၍ တိုင်ကြားချက်များ၊ **Eugene၊ Oregon၊ CADRE။** ဤစာအုပ်တွင် ပြင်ပအဖွဲ့အစည်းများ ပြုလုပ်ပြီး ထိန်းသိမ်းထားသော ဟိုက်ပါလင့်ခ်များနှင့် **URL** များလည်း ပါဝင်ပြီး စာဖတ်သူများ အဆင်ပြေစေရန်အတွက် ပံ့ပိုးပေးထားခြင်း ဖြစ်ပါသည်။ ဤအချက်အလက်များ၏ မှန်ကန်တိကျမှုအတွက် ဌာနတွင် တာဝန်မရှိပါ။ ထုတ်ဝေသည့် ရက်စွဲ- ဇန်နဝါရီလ **2014**။